# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

October 9 , 2024 Volume 83, Number 7


| ၉.၁၀.၂၀၂၄ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၀၂. ၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၁၀.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၄၆.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၄.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၇.၀၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၁၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၆.၂၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၉.၈၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၇၆၂ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## နှမ်းဈေးကျပြီး အရောင်းဝယ်အေးနေ




လက်ရှိ ဈေးကွက်တွင် နှမ်းဈေးကျနေပြီး အရောင်းအဝယ်အေးနေကြောင်း ကုန်သည်များထံမှ သိရသည်။

မိုးနှမ်းအဝင်ရှိပြီး တရုတ်ဝယ်လက်နည်းနေ၍ ဈေးနှုန်းနိမ့်ကျသွားခြင်းဖြစ်ကြောင်း ကုန်သည်အချို့က သုံးသပ်သည်။

“ လက်ရှိ နှမ်းဖြူဈေးက ကျသွားတယ်။ နှမ်းနက်ကတော့ငြိမ်တယ်။ အခုရက်ပိုင်း နည်းနည်းတက်လာတယ် ။ ဈေးကွက်မှာ အက်ဆစ်အောင်တဲ့ နှမ်းတွေက အဓိကအရောင်းအဝယ်ဖြစ်တာ။ အက်ဆစ်အောင်ရင် နှမ်းက ဈေးမြင့်တယ်။ မအောင်တဲ့ နှမ်းက ကျတယ်။ မိုးနှမ်းဝင်ချိန်ဆိုတော့ ဈေးကျတယ်” ဟု အောင်လံမြို့မှ နှမ်းကုန်သည်တစ်ဦးက ပြောသည်။

မန္တလေးကုန်စည်ဒိုင်တွင် နှမ်းနက် AV မလွတ် ၄၅ ပိဿာဝင် တစ်အိတ်လျှင် ၅၉၀,၀၀၀ မှ ၆၁၀,၀၀၀ ကျပ်၊ AV2 ၄၅ ပိဿာဝင် တစ်အိတ်လျှင် ၆၆၇,၀၀၀ ကျပ်နှင့် AV 3 ၄၅ ပိဿာဝင် တစ်အိတ်လျှင် ၆၃၀,၀၀၀ မှ ၆၅၀,၀၀၀ ကျပ်အထိ ပေါက်ဈေးရှိပြီး နှမ်းဖြူ ရိုးရိုး ၄၅ ပိဿာဝင် တစ်အိတ်လျှင် ၃၃၀,၀၀၀ မှ ၃၄၀,၀၀၀ ကျပ်ရှိကြောင်း သိရသည်။

ထို့ပြင် အောင်လံကုန်စည်ဒိုင်တွင် ဖုန်းဖြင့် ဝယ်ရောင်းဈေး နှမ်းနက် (A1) ၄၅ ပိဿာဝင် တစ်အိတ်လျှင် ၆၁၀,၀၀၀ မှ ၆၅၀,၀၀၀ ကျပ် လည်းကောင်း အက်ဆစ်မလွတ် ၄၅ ပိဿာဝင် တစ်အိတ်လျှင် ၅၈၅,၀၀၀ ကျပ်ဖြင့် အရောင်းဝယ်ဖြစ်နေပြီး နှမ်းဖြူမှာ ဈေးနှုန်းမှာ ၃၃၀,၀၀၀ ကျပ်ဖြင့် အရောင်းဝယ်ဖြစ်နေကြောင်း သိရသည်။

လက်ရှိ နှမ်းဈေးမှာ ပြီးခဲ့သည့် အပတ်ဖြင့်ယှဉ်ပါက နှမ်းဈေးများကျဆင်းသွားပြီး ပြီးခဲ့သည့် စက်တင်ဘာလဖြင့် ယှဉ်ပါက အတက်ဈေးတွင်ရှိကြောင်း သုံးသပ်သည်။

“ ဒီနေ့ နှမ်းနက်က ဈေးလေး နည်းနည်း ပြန်တက်လာတယ်။ တက်လဲ တစ်သောင်း နှစ်သောင်းပါ။ နှမ်းဖြူကတော့ ဈေးကျတယ်။ လက်ရှိ ပြည်တွင်းအခြေအနေတွေကြောင့် ပြည်ပတင်ပို့တာတော့ ခက်ခဲတယ်။ တရုတ်က အဝယ်နည်းသွားတယ်။ အရည်အသွေးကောင်းတဲ့ နှမ်းတွေပဲ ပြည်ပကကြိုက်တယ်။ အရည်အသွေးရှိတဲ့ နှမ်းကရှားတယ်။ မိုးမိခဲ့တဲ့ နှမ်းတွေကတော့ အက်ဆစ်မအောင်တော့ အရည်အသွေးမကောင်းဘူး” ဟု မန္တလေးကုန်စည်ဒိုင်မှ နှမ်းကုန်သည်တစ်ဦးက ပြောသည်။

လက်ရှိ ပြည်တွင်းနှမ်းကို တရုတ်နယ်စပ်ဂိတ်များမှတစ်ဆင့် ပုံမှန်တင်ပို့နေရခြင်းဖြစ်ပြီး အဝယ်အနည်းငယ်သာရှိကြောင်း သိရသည်။

မြန်မာ့နှမ်းကို တရုတ်နိုင်ငံ၊ ကိုရီးယား၊ ဂျပန်၊ စင်ကာပူနှင့် ထိုင်ဝမ်တို့ကိုလည်း တင်ပို့လေ့ရှိပြီး တရုတ်နိုင်ငံ တစ်ခုတည်း သာအားထား တင်ပို့နေရကြောင်း၊ တစ်နှစ်လျှင် တရုတ်ဘက်သို့ တန်ချိန် ၃ သိန်းခန့် တင်ပို့လျက်ရှိကြောင်းသိရသည်။

ပြည်တွင်းတွင် ပုံမှန် နှမ်းထွက်ရှိမှုနှုန်းမှာ တစ်နှစ်လျှင် တန်ချိန် ၆ သိန်းမှ ၈ သိန်း ထိထွက်လေ့ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် နှမ်းကို ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် အများအပြား စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**(AMIA)**

**Source :** https://t.me/htwettoe

## ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ပဲစင်းငုံ ၁၆ ပြည်ဝင်အိတ်ရေ ၆၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက် သို့ စက်တင်ဘာလအတွင်း ပဲစင်းငုံ ၁၆ ပြည်ဝင် အိတ်ရေ ၆၅,၀၀၀ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ကျုံပျော်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

ကျုံကျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လက ပဲစင်းငုံ ၁၆ ပြည်ဝင်အိတ်ရေ ၄၅,၀၀၀ သာ တင်ပို့ရောင်းချ နိုင်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ပဲစင်းငုံ ၁၆ ပြည်ဝင်အိတ်ရေ ၆၅,၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ပဲစင်းငုံများ ဝယ်ယူမှုများပြားလာခြင်းသည် ပြည်တွင်းပဲလုပ်ငန်းများ လည်ပတ် အားကောင်းလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

“လက်ရှိ ဈေးကွက်ထဲမှာ လက်ကျန်ပဲစင်းငုံတွေ အရောင်းအဝယ်ဖြစ်နေပါတယ်။ ပြည်ပဈေးကွက်ကို တင်ပို့နေရတာကြောင့် အရောင်းအဝယ် ကောင်းလာတာပါ။ လက်ရှိတော့ ပဲစင်းငုံတွေက လက်ကျန် နည်းလာပါတယ်။ ကျုံပျော်မြို့နယ်ဒေသထွက်ကုန် သီးနှံတွေကို ဒေသပွဲရုံတွေကနေတစ်ဆင့် ရန်ကုန်ဈေးကွက် ကို အဓိကတင်ပို့ရောင်းချပါတယ်။ ရန်ကုန်ဈေးကွက်မှ တစ်ဆင့် အခြားဈေးကွက်များကို ပြန်လည်တင်ပို့ ရောင်းချတာပါ။ စက်တင်ဘာလထဲမှာ ပဲစင်းငုံ ၁၆ ပြည်ဝင်အိတ်ရေ ၆၅,၀၀၀ ထိတင်ပို့ရောင်းချခဲ့ရပါတယ်”ဟုကျုံပျော်မြို့နယ်လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးကပြောပြသည်။

အဆိုပါ ဒေသထွက် ပဲစင်းငုံများကို ကျုံပျော်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များကဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ပဲစင်းငုံ ၁၆ ပြည်ဝင်တစ်အိတ်လျှင် ကျပ် ၁၀၅,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**Source : ရတနာပုံသတင်းစာ**

## တနင်္သာရီတိုင်းဒေသကြီး၏ ကွမ်းသီးနှင့် သီဟိုဠ် ဈေးနှုန်း/ဈေးကွက်

တနင်္သာရီတိုင်းဒေသကြီးတွင် ထားဝယ်၊ မြိတ်၊ ဘုတ်ပြင်း၊ ကော့သောင်းခရိုင် ၄ ခုရှိရာ ခရိုင် ၄ ခုလုံး၏ တောင်စောင်းတစ်လျှောက်တွင် ကွမ်းသီးပင်နှင့် သီဟိုဠ်ပင်တို့ကို စီးပွားဖြစ်အများအပြားစိုက်ပျိုးလျက်ရှိပြီး ဒေသမှထွက်ရှိသော ကွမ်းသီးနှင့် သီဟိုဠ်ဈေးနှုန်းများမှာ အောက်တိုဘာလ ပထမပတ်အတွင်း တည်ငြိမ်လျက်ရှိကြောင်း သိရသည်။

**ကွမ်းသီး**

တနင်္သာရီတိုင်းဒေသကြီး၏ ဒေသတွင်းထွက်ရှိသော ကွမ်းသီးဈေးနှုန်းများမှာ အောက်တိုဘာလ ပထမပတ်အတွင်း ကွမ်းသီးအခြောက်အခြမ်း တစ်ပိဿာလျှင် ၉၂၀၀ ကျပ်၊ ကွမ်းသီးအခြောက်အလုံး တစ်ပိဿာလျှင် ၈၀၀၀ ကျပ်နှင့် ကွမ်းသီးအနတစ်ပိဿာလျှင်အလုံးရေ ၇၀/၇၅ ခန့် ဝင်ဆံ့ပြီး ဈေးနှုန်းမှာ ၁၀,၀၀၀ ကျပ်ဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီးမှ ထွက်ရှိသော ကွမ်းသီးအများစုကို မော်လမြိုင်၊ ရန်ကုန်၊ မုံရွာနှင့် ကလေးမြို့များသို့ အများဆုံးတင်ပို့ရောင်းချလျက် ရှိသည်။

**သီဟိုဠ်**

တနင်္သာရီတိုင်းဒေသကြီး၏ သီဟိုဠ်ဈေးနှုန်းများမှာ အောက်တိုဘာလ ပထမပတ်အတွင်း ဈေးနှုန်းတည်ငြိမ်လျက်ရှိပြီး သီဟိုဠ်ပုံချောအသန့် တစ်ပိဿာလျှင် ၅၂,၀၀၀ ကျပ်နှင့် အခွံကြမ်း တစ်ပိဿာလျှင် ၇၀၀၀ ကျပ်ရှိသည်။

ဈေးနှုန်းများမှာ ထားဝယ်မြို့ပေါ်တွင် ဖြစ်ပေါ်လျက်ရှိသော ဈေးနှုန်းများဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီး၏ မြိတ်ခရိုင်၊ ဘုတ်ပြင်းခရိုင်နှင့် ကော့သောင်းခရိုင်များရှိ ဈေးနှုန်းများမှာ ခရိုင်အလိုက် ပျမ်းမျှအားဖြင့် အနည်းငယ်ခန့် ကွာခြားမှုရှိကြောင်း သိရသည်။

**Source : DOCA(တနင်္သာရီ)**

https://www.doca.gov.mm/

## မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးမှတ်ပိဿာချိန် ၈၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးမှတ် ပိဿာချိန် ၈၀,၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် တစ်ဦးကပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးမှတ် ပိဿာချိန် ၆၀,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ငါးမှတ်ပိဿာချိန် ၈၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးမှတ်များကို ပြည်တွင်းဈေးကွက်က ဝယ်ယူမှုများလာခြင်းကြောင့် တင်ပို့အားကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။


“ ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း ငါးမှတ်ပိဿာချိန် ၈၀,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဘက်ကနေ မအူပင်မြို့နယ်က တင်ပို့ရောင်းချတဲ့ ငါးမှတ်တွေ ဝယ်ယူမှုများလာလို့ တင်ပို့အားကောင်းလာခဲ့တာပါ။ ဒေသပွဲရုံတွေကို ငါးမှတ်တွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ပွဲရုံတွေဆီဝင်လာတဲ့ ငါးမှတ်တွေကလတ်ဆတ်မှုရှိပါတယ်။ တင်ပို့အားကောင်းလာတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်နေသူတွေ အဆင်ပြေနေတာတွေ့ရပါတယ်။ မအူပင်မြို့နယ်ကထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန် ဈေးကွက်ကိုပဲ တင်ပို့ရောင်းချနေပါတယ် ”ဟု မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးကပြောပြသည်။

မအူပင်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးမုတ်များအပါအဝင် ရေထွက်ကုန်တွေကို ဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မှ အခြားဒေသများသို့ ပြန်လည်တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။


**Source : ရတနာပုံသတင်းစာ**

## တရုတ်လျှပ်စစ်ကားများအပေါ် အခွန်စည်းကြပ်နိုင်ရေး မဲခွဲဆောင်ရွက်နေရသည့် အီးယူ

ဥရောပနိုင်ငံများသို့ တရုတ်လျှပ်စစ်ကား တင်ပို့မှုအခြေအနေ




အဓိက ဥရောပနိုင်ငံများမှ တရုတ်၏ ထိပ်တန်းသွင်းကုန်တန်ဖိုး




တရုတ်လျှပ်စစ်ကားများအပေါ် သွင်းကုန်အခွန် ၄၅ ရာခိုင်နှုန်း ကောက်ခံရန် သင့်/မသင့်ကို ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက သောကြာနေ့တွင် မဲခွဲဆုံးဖြတ်ခဲ့သည်။

တရုတ်၏ တုံ့ပြန်လာနိုင်မှု စိုးရိမ်နေရသော အဆိုပါကိစ္စသည် အီးယူအတွက် အကြီးမားဆုံး ကုန်သွယ်မှုကိစ္စဖြစ်သည်။

မူဝါဒများချမှတ်ပေးသည့် ဥရောပကော်မရှင်က တရုတ်၏ ထောက်ပံ့မှုများအပေါ် တစ်နှစ်ကြာ စုံစမ်းစစ်ဆေးမှုအပြီးတွင် ပြန်လည်တုံ့ပြန်ရန် နောက်ငါးနှစ်အတွက် ကောက်ခံသင့်သည့် အခွန်နှုန်းများ အဆိုပြုခဲ့သည်။

အီးယူ၏ စည်းမျဉ်းများအရ အဖွဲ့ဝင် ၁၅ နိုင်ငံမှ လူဦးရေ ၆၅ ရာခိုင်နှုန်း က အခွန်ကောက်ခံမှုကို မကန့်ကွက်ပါက နောင် ၅ နှစ်အတွင်း အခွန်စည်းကြပ်နိုင်မည်ဖြစ်သည်။

ပြင်သစ်၊ ဂရိ၊ အီတလီနှင့် ပိုလန်တို့က အခွန်စီးကြပ်ခြင်းအပေါ် ထောက်ခံခဲ့ကြပြီး ဥရောပဒေသတွင်း အဓိကကားထုတ်လုပ်သူ ဂျာမနီက အခွန်စည်းကြပ်မှုကို ကန့်ကွက်ကြောင်း သိရသည်။

လုံလောက်သော ထောက်ခံမှု မရရှိပါက အခွန်နှုန်းအဆိုပြုချက်ကို ပြန်လည်ပြင်ဆင် တင်သွင်းနိုင်သည်။

စပိန်စီးပွားရေးရာဝန်ကြီးက အီးယူအနေဖြင့် အခွန်စည်းကြပ်ခြင်းအစား ဈေးနှုန်းလျှော့ချရေး၊ ဘက်ထရီကို ဥရောပ၌ ပြောင်းရွှေ့ထုတ်လုပ်ရေးတို့ကို ဆက်လက်ညှိနှိုင်းခြင်းသည် မဲခွဲနေခြင်းထက် ပိုမိုကောင်းမွန်ကြောင်း ဥရောပကော်မရှင်၊ ဒုတိယဥက္ကဋ္ဌသို့ ပေးပို့သည့်စာတွင် ဖော်ပြခဲ့သည်။

စပိန်ဝန်ကြီးချုပ်၏ တရုတ်နိုင်ငံခရီးစဉ်၌လည်း အီးယူအနေဖြင့် ၎င်း၏ ရပ်တည်ချက်ကို ပြန်လည်စဉ်းစားသင့်ကြောင်း ပြောသည်။

ယခုနှစ်အတွင်း အီးယူ၏ ဘရန်ဒီ၊ နို့ထွက်ပစ္စည်းနှင့် ဝက်သားတင်သွင်းမှုတွင် ပေကျင်းက လက်တုံ့ပြန်သည့်အနေဖြင့် စုံစမ်းစစ်ဆေးမှုများကို လုပ်ဆောင်ခဲ့မှုအပေါ် အီးယူအဖွဲ့ဝင်အချို့က စိုးရိမ်နေသည်။

ပြီးခဲ့သည့် ၅ နှစ်အတွင်း အီးယူသည် တရုတ်အပေါ် တင်းမာစွာရပ်တည်ခဲ့ရာမှ ယခုအခါ အချို့ကိစ္စများတွင် အလားအလာရှိသော ကုန်သွယ်ဖက်အဖြစ်လည်းကောင်း၊ စနစ်ကျသော ယှဉ်ပြိုင်ဘက်အဖြစ် လည်းကောင်း ပြောင်းလဲခဲ့သည်။

တရုတ်၏ ပို့ကုန်လျှပ်စစ်ကားအပို နှစ်စဉ်ထုတ်လုပ်နိုင်မှုပမာဏ ၃ သန်းသည် ဥရောပဈေးကွက်ထက် ၂ ဆ ဖြစ်ပြီး အမေရိကန်နှင့် ကနေဒါတို့မှ ၁၀၀ ရာခိုင်နှုန်း သွင်းကုန်ခွန်ကောက်ခံမှုကြောင့် အဆိုပါလျှပ်စစ်ကားများ အဓိကတင်ပို့မှုမှာ ဥရောပသို့ ဖြစ်သည်။

ဥရောပသမဂ္ဂကော်မရှင်က အခွန်စည်းကြပ်ရေးအတွက် အခြားနည်းလမ်းများကို တရုတ်နှင့်ဆက်လက် ဆွေးနွေးသွားမည်ဖြစ်ကာ ယခင်တရုတ်မှ ငြင်းပယ်ခဲ့သည့် အနိမ့်ဆုံးသွင်းကုန်ဈေးနှုန်းနှင့် အများဆုံးသွင်းကုန် ပမာဏတို့ကိုလည်း ပြန်လည်သုံးသပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

အနိမ့်ဆုံးသွင်းကုန်ဈေးနှုန်း တွက်ချက်ရန် နည်းလမ်းများအနက် မောင်းနှင်နိုင်မည့် အကွာအဝေး၊ ဘက်ထရီ စွမ်းဆောင်ရည်နှင့် လျှပ်စစ်ကားအရှည်၊ နှစ်ဘီးယက် သို့မဟုတ် လေးဘီးယက် စနစ်တို့ကဲ့သို့သော စံနှုန်းများကို အသုံးပြု၍ တွက်ချက်ခြင်း ပါဝင်ကြောင်း၊ အခွန်နှုန်းများတွင် Tesla အတွက် ၇ ဒသမ ၈ ရာခိုင်နှုန်း၊ အီးယူ၏ စုံစမ်းမှုတွင် ပူးပေါင်းမှုမရှိသော ကားများအတွက် ၃၅ ဒသမ ၃ ရာခိုင်နှုန်း ကောက်ခံသွားမည်ဖြစ်ပြီး ၎င်းမှာ အီးယူ၏ မော်တော်ကားသွင်းကုန်ခွန်စံနှုန်း ၁၀ ရာခိုင်နှုန်းထက်များပြားနေကြောင်း အဆိုပါကိစ္စနှင့် နီးစပ်သူတစ်ဦးက ပြောသည်။

**Source : Reuters**

https://commerce.gov.mm/

## ဂျပန်နိုင်ငံ၏ စက်မှုထုတ်ကုန် ထုတ်လုပ်မှုမှာ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လတွင် ၃.၃ ရာခိုင်နှုန်း ကျဆင်းခဲ့

တိုင်ဖုန်းမုန်တိုင်းကြောင့် မော်တော်ယာဉ်ထုတ်လုပ်မှု ကျဆင်းခဲ့သည့်အတွက် ဂျပန်နိုင်ငံ၏ စက်မှုထုတ်ကုန် ထုတ်လုပ်မှုမှာ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လနှင့် နှိုင်းယှဉ်ပါက ၂၀၂၄ ခုနှစ်၊ ဩဂုတ်လတွင် ၃ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဖော်ပြခဲ့သည်။

အဆိုပါ သတင်းတွင် စက်ရုံများ၏ ကုန်ထုတ်လုပ်မှုညွှန်းကိန်းမှာ ၉၉ ဒသမ ၇ ရှိခဲ့ကြောင်း ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနက ထုတ်ပြန်ထားကြောင်း၊ ၂၀၂၄ခုနှစ်၊ ဇူလိုင်လတွင် ဂျပန်နိုင်ငံ၏ စက်မှုထုတ်ကုန် ထုတ်လုပ်မှုမှာ ၃ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံ၏ စက်မှုထုတ်ကုန် ထုတ်လုပ်မှုမှာ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လတွင် မြင့်တက်ခဲ့ပြီး၊ ဩဂုတ်လတွင် ကျဆင်းခဲ့ခြင်းကြောင့် အတက်၊ အကျမတည်ငြိမ်သော်လည်း ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနအနေဖြင့် စက်မှုထုတ်ကုန် ထုတ်လုပ်နိုင်မှုကို ယခင်လအပေါ် အခြေခံ၍သာ ချင့်ချိန်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ အနာဂတ်အလားအလာအပေါ် ကြိုတင်ခန့်မှန်းရန် ခက်ခဲသော်လည်း ကုမ္ပဏီများ၏ ထုတ်လုပ်မှုစီမံချက်များအရ စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် ကုန်ထုတ်လုပ်မှု ပြန်လည်ကောင်းမွန်လာရန် မျှော်မှန်းကြောင်း ဂျပန်စီးပွားရေးဝန်ကြီးဌာန တာဝန်ရှိသူက ပြောကြားခဲ့ကြောင်း ဖော်ပြထားသည်။

စစ်တမ်းကောက်ယူခဲ့သည့် စက်မှုကဏ္ဍ ၁၅ ခုအနက် ၁၂ ခုတွင် ကုန်ထုတ်လုပ်မှု ကျဆင်းခဲ့သည်ကို တွေ့ရှိရပြီး၊ ၃ ခုမှာ ကုန်ထုတ်လုပ်မှု မြင့်တက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ စက်မှုကုန်ထုတ်လုပ်မှုကျဆင်းမှု၏ ၁၀ ဒသမ ၆ ရာခိုင်နှုန်းမှာ မော်တော်ယာဉ်ထုတ်လုပ်မှုကျဆင်းခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ တိုင်ဖုန်းမုန်တိုင်းကြောင့် Toyota Motor Corp. ၏ စက်ရုံ ၁၂ ရုံကျော်မှာ ခေတ္တရပ်နားခဲ့ရခြင်းကြောင့် မော်တော်ယာဉ်ထုတ်လုပ်မှုကျဆင်းခဲ့ကြောင်း၊ လျှပ်စစ်ပစ္စည်းများ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး အီလက်ထရောနစ်ပစ္စည်းများ ထုတ်လုပ်မှုမှာ ၆ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ တစ်ပိုင်းလျှပ်ကူးပစ္စည်း ထုတ်လုပ်သည့် ပစ္စည်းများကဲ့သို့သော စက်ပစ္စည်းများ ထုတ်လုပ်မှုမှာ ၄ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ မော်တော်ယာဉ်မှ အပ အခြားသော သယ်ယူပို့ဆောင်ရေးပစ္စည်းများ ထုတ်လုပ်မှုမှာ ၆ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး၊ လျှပ်စစ်ပစ္စည်းနှင့် စက်ကိရိယာများထုတ်လုပ်မှုမှာ ၂ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ဖော်ပြထားသည်။

စက်မှုထုတ်ကုန် တင်ပို့မှုညွှန်းကိန်းမှာ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ၉၇ ဒသမ ၆ ရှိခဲ့ကြောင်း၊ စက်မှုထုတ်ကုန်များ သိုလှောင်မှုညွှန်းကိန်းမှာ ဝ ဒသမ ၆ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ၁၀၂ ဒသမ ၄ ရှိခဲ့ကြောင်း၊ ထုတ်လုပ်သူများအား စစ်တမ်း ကောက်ယူချက်အရ စက်မှုထုတ်ကုန်ထုတ်လုပ်မှုမှာ စက်တင်ဘာလတွင် ၂ ရာခိုင်နှုန်းနှင့် အောက်တိုဘာလတွင် ၆ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာမည်ဟု ခန့်မှန်းထားကြောင်း ဖော်ပြထားသည်။

**Source: The Nikkei Asia**

**(သူဇာဖြိုး၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ တိုကျိုမြို့)**

https://myantrade.gov.mm/

## အိန္ဒိယသည် ဆန်ဖြူတင်ပို့မှုကိုပိတ်ပင်ထားမှုအား ပြန်လည်ရုပ်သိမ်းပြီးနောက် ရောင်းလိုအားမြင့်တင်လာခြင်းကြောင့် ဆန်ဖြူဈေးသက်သာလာ



လာမည့်ရက်သတ္တပတ်အတွင်း သီးနှံသစ်များ ရိတ်သိမ်း ရန် ပြင်ဆင်မှုများရှိသဖြင့် အိန္ဒိယသည် ဘာစမာတီဆန်မဟုတ်သော ဆန်ဖြူတင်ပို့မှုကို ပြန်လည်စတင်ရန် ကမ်းလှမ်းထားသည်။

အိန္ဒိယသည် ဆန်တင်ပို့မှုအများဆုံးနိုင်ငံလည်း ဖြစ်ပြီး ၎င်း၏ ကြီးမားသောတင်ပို့မှုသည် ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့မှုကိုမြင့်တင်ပေးပြီး ဆင်းရဲသော အာရှနှင့် အာဖရိကဝယ်လက်များ ပိုမိုတတ်နိုင်သော ထောက်ပံ့မှုများ ရရှိစေရန် ကူညီပေးမည်ဖြစ်ကြောင်း ဆန်တင်ပို့သူများက ပြောခဲ့သည်။

အိန္ဒိယသည် အစားအသောက်ဈေးနှုန်းများ မြင့်တက်မှု၊ ငွေကြေးဖောင်းပွမှုနှင့် ဆန်ပြတ်လပ်မှု စိုးရိမ်မှုများကြားတွင် ပြည်တွင်းစားသုံးသူများကို ကူညီရန်အတွက် ဘာစမာတီမဟုတ်သော ဆန်ဖြူတင်ပို့မှုကို ၂၀၂၃ခုနှစ်တွင် ပိတ်ပင်ခဲ့သည်။

ဆန်ဖြူတင်ပို့မှုကိုတားမြစ်ပြီး ဆန်တင်ပို့မှုအပေါ် အခွန် ၂၀ ရာခိုင်နှုန်း စည်းကြပ်ရန် ပြီးခဲ့သည့်နှစ်တွင် အိန္ဒိယက ဆုံးဖြတ်ခဲ့ပြီးနောက် ၁၅ နှစ်အတွင်း ကမ္ဘာ့ဆန်ဈေးသည် အမြင့်ဆုံးသို့ မြင့်တက်လာခဲ့သည်။

အိန္ဒိယ၏ ပို့ကုန်များသည် ထိုင်း၊ ဗီယက်နမ်၊ ပါကစ္စတန်နှင့် အမေရိကန်တို့ ပေါင်းစပ်တင်ပို့သည့် ကမ္ဘာ့အကြီးဆုံး တင်ပို့မှု လေးခုထက်ကြီးမားသည်။ ယင်းကြောင့် ဗီယက်နမ်၊ ထိုင်း၊ ပါကစ္စတန်နှင့် မြန်မာတို့ကဲ့သို့ အပြိုင်ရောင်းချသူများအား ၎င်းတို့၏ဈေးကွက်ဝေစုကိုတိုးမြှင့်ကာ ကမ္ဘာ့ဈေးကွက်တွင် ပိုမိုမြင့်မားသောဈေးနှုန်းများကို ထိန်းချုပ်နိုင်စေခဲ့သည်။

" ထိုင်း၊ ဗီယက်နမ်နှင့် ပါကစ္စတန်တို့မှ ဆန်တင်သွင်းသူများသည် အိန္ဒိယ၏ ပို့ကုန်ဈေးနှုန်းထက် ၎င်းတို့၏ဈေးနှုန်းများကို လျှော့ချခြင်းဖြင့် ၎င်းတို့၏ဈေးကွက်ကို ဆွဲဆောင်ကြသည်" ဟု ဆန်တင်ပို့သူ Satyam Balajee မှ အမှုဆောင်ဒါရိုက်တာ Himanshu Agarwal က ပြောခဲ့ပြီး "လူတိုင်းဟာ ဈေးကွက်ထဲမှာ ကိုယ့်နေရာကိုသိမ်းပိုက်နိုင်ဖို့ အပြိုင်အဆိုင်ကြိုးစားနေတယ်" ဟုလည်းပြောခဲ့သည်။

အိန္ဒိယသည် ၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့ဆန်တင်ပို့မှု၏ ၄၀ ရာခိုင်နှုန်းကျော်ရှိပြီး ကမ္ဘာ့ကုန်သွယ်မှုစုစုပေါင်း ၅၅ ဒသမ ၄ သန်း၊ မက်ထရစ်တန်ချိန် ၂၂ ဒသမ ၂ သန်းဖြင့် စံချိန်တင်ခဲ့သည်။

အိန္ဒိယသည် နိုင်ငံပေါင်း ၁၄၀ သို့ ဆန်တင်ပို့နေပြီး ဖိလစ်ပိုင်၊ နိုင်ဂျီးရီးယား၊ အီရတ်၊ ဆီနီဂေါ၊ အင်ဒိုနီးရှားနှင့် မလေးရှားတို့က အာရှဆန် အဓိကတင်သွင်းသူများထဲတွင် ပါဝင်သည်။

မုတ်သုံမိုးသည်းထန်စွာရွာသွန်းပြီးနောက် အိန္ဒိယလယ်သမားများသည် ယခုနှစ်တွင် စပါးဧက ၁၀၂ ဒသမ ၁၈ သန်း ရိတ်သိမ်းရန် ပြင်ဆင်နေချိန်တွင် တားမြစ်ချက်ကို ရုပ်သိမ်းလိုက်ခြင်းသည် ကျေးလက်တွင် လယ်ယာကဏ္ဍနှင့်ပတ်သက်၍ ဝင်ငွေများတိုးလာစေပြီး ကမ္ဘာ့ဈေးကွက်တွင် အိန္ဒိယ၏ရပ်တည်မှုကို ပြန်လည်ရရှိစေရန် ကူညီပေးမည်ဖြစ်သည်။

**SOURCES–REUTERS**

**DOCA(မန္တလေး)**

https://www.doca.gov.mm/

## အင်ဒိုနီးရှားနိုင်ငံ Banyuwangi ခရိုင်မှ ကနေဒါသို့ ပထမဆုံး စည်သွပ်တူနာတင်ပို့မှုပြုလုပ်



အင်ဒိုနီးရှားနိုင်ငံ ရေကြောင်းရေးရာနှင့်ငါးလုပ်ငန်းဝန်ကြီးဖြစ်သူ Sakti Wahyu Trenggono က အရှေ့ဂျာဗားရှိ Banyuwangi ခရိုင်မှ စည်သွပ်တူနာများအား ကနေဒါနိုင်ငံသို့ ပထမဆုံးတင်ပို့ခဲ့ကြောင်း ၃၀-၉-၂၀၂၄ ရက်တွင် ပြောကြားသည်။

လာမည့် ၆ လကျော်တွင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၀ သန်းတန်ဖိုးတင်ပို့မှု ပြုလုပ်နိုင်မည်ဟုသိရသည်။

Trenggono က အစိုးရသည် ကုန်ထုတ်လုပ်ခြင်းနှင့် ပြုပြင်ထုတ်လုပ်တင်ပို့သည့်ကဏ္ဍကို ပံ့ပိုးပေးရန်အတွက် ကုန်ကြမ်းပစ္စည်းစနစ်တိုးတက်စေရေး ဆက်လက်ကြိုးပမ်းသွားမည်ဟု ပြောကြားသည်။

တင်ပို့ရန်အလို့ငှာ လိုအပ်ချက်ပြည့်မီရန်အတွက် ငါးလုပ်ငန်းကို ပံ့ပိုးရန်နှင့် ကုန်ကြမ်းကဏ္ဍကိုက်ညီရန် ကြိုးပမ်းအားထုတ်မှု၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ငါးဖမ်းခြင်းစီမံချက်များကို အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း သိရသည်။

ဝန်ကြီးက ၎င်းတို့တွင် ကုန်ကြမ်းပစ္စည်းနည်းပါးပြီး ပြည်တွင်းမှပံ့ပိုးမှုကိုမျှော်လင့်ရန် ဖြစ်နိုင်ချေမရှိသည့်အတွက် ကုန်ကြမ်းတင်သွင်းရန်လိုကြောင်း၊ Banyuwangi အပြင် အခြားဒေသများမှလည်း စည်သွပ်ငါးတင်ပို့နိုင်ကြောင်းနှင့် အစိုးရသည်လည်း နိုင်ငံ၏စီးပွားရေးအနာဂတ်ဖြစ်သည့်အတွက် ဆက်လက်ပံ့ပိုးမှုပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဝန်ကြီးဌာန၏ သုတေသနအရ Papua ပြည်နယ်၏ Biak ခရိုင်သည် တူနာများမွေးမြူပြုစုရန်အတွက် အလားအလာရှိပြီး ငါးလုပ်ငန်းကုန်ကြမ်းအတွက် လုပ်ကိုင်နိုင်ကြောင်းသိရသည်။

စည်သွပ်တူနာများတင်ပို့သည့် PT Pasifik Masami Indonesia ၏ ဈေးကွက်ညွှန်ကြားရေးမှူးဖြစ်သူ Sherly Indrawati က ပြည်ပဈေးကွက်သည် အကန့်အသတ်မရှိသော ငါးလုပ်ငန်းအခွင့်အလမ်းများကို ပေးစွမ်းနိုင်ကြောင်း ပြောကြားခဲ့သည်။

လုပ်ငန်းရှင်များသည် ငါးများစောင့်ရှောက်မွေးမြူခြင်းပါဝင်သည့် ကုန်ကြမ်းပစ္စည်းများအတွက် ပြင်သင့်ကြောင်းသိရသည်။

PT Pasifik Masami Indonesia သည် စည်သွပ်တူနာနှင့် တူနာအစိမ်းတစ်ရက်လျှင် တန် ၇၀ ထုတ်လုပ်နိုင်စွမ်းရှိကြောင်းသိရသည်။

ထိုကုမ္ပဏီသည် ပြည်တွင်းဈေးကွက်အပြင် ဥရောပ၊ အာရှ၊ အရှေ့အလယ်ပိုင်း၊ အာဖရိက၊ မြောက်အမေရိက(ကနေဒါ)နှင့် ကျွန်းနိုင်ငံများ အစရှိသည့် နိုင်ငံတကာဈေးကွက်များကို ပစ်မှတ်ထားနေကြောင်းသိရသည်။

**Source : Anatar News**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/

# STOCK EXCHANGE (9.10.2024)

ɔard/mktdata/stocktradingdata/

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 9th Oct. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,983 (Shares) | 10,214,750 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +0 | +0.00% | 8,600 | 8,600 | 8,600 | 254 | 2,184,400 | 33,109,694 | 284,743 |
| MTSH | 00002 | 3,400 | +50 | +1.49% | 3,400 | 3,400 | 3,400 | 82 | 278,800 | 38,929,150 | 132,359 |
| MCB | 00003 | 8,800 | +0 | +0.00% | 8,800 | 8,800 | 8,800 | 22 | 193,600 | 10,400,986 | 91,529 |
| FPB | 00004 | 1,850 | +0 | +0.00% | 1,900 | 1,900 | 1,850 | 103 | 195,600 | 29,664,613 | 54,880 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 0 | 0 | 12,823,224 | 35,905 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 722 | 1,227,350 | 19,977,223 | 33,961 |
| AMATA | 00007 | 4,500 | +0 | +0.00% | 4,500 | 4,500 | 4,500 | 0 | 0 | 10,497,598 | 47,239 |
| MAEX | 00008 | 3,450 | +0 | +0.00% | 3,400 | 3,450 | 3,400 | 1,800 | 6,135,000 | 23,804,946 | 82,127 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 9th Oct. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 404.38 | +1.03 | +0.26% | 404.14 | 405.17 | 403.51 | 2,983 | 10,214,750 | 8 | 762,743 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 9th Oct. 2024

| Trading Volume | Trading Value |
|---|---|
| 2,983 (Shares) | 10,214,750 (MMK) |

## Main Board

As of 1:00 pm, 9th Oct. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,983 (Shares) | 10,214,750 (MMK) |

| MYANPIX | 404.38 ▲ 1.03 |
|---|---|
| Total Volume (shares) | 2,983 |
| Total Value (MMK) | 10 mil |
| Listed Company | 8 |
| Market Cap. (MMK) | 762,743 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 0 |
| MTSH | 00002 | 3,400 | ▲ 50 |
| MCB | 00003 | 8,800 | ▲ 0 |
| FPB | 00004 | 1,650 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,500 | ▲ 0 |
| MAEX | 00008 | 3,450 | ▲ 0 |